ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ပဥ္စမနေ့ အစီအစဉ်

[၂၃-၁-၂၀၁၅] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်၊ မကျီးကွင်း ကျေးရွာ စားကျက်မြေပေါ်တွင် ကျွဲနွားများ လွတ်ကျောင်းနိုင်ရေး အတွက် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နန်းနွံ၊ ရှားတော မဲဆန္ဒနယ်၏ **ရှားတောမြို့နယ်အတွင်း တာဝန် ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာ ရပ်ဝေးဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မင်းပြား-မြေပုံ မြို့ချင်းဆက် လမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် နှင့် မြေပုံမြို့အား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် မည်သို့သော စီမံချက်များ ရေးဆွဲထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်အေးအေးမူပါ (၇)ဦးတို့ နေထိုင်သော မြေသည် ပြည်သူပိုင်မြေဖြစ်၍ ဖယ်ရှားပေးရန် သက်ဆိုင်ရာမှ သတိပေးစာများ ပေးပို့လာသည့်အတွက် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်က **“လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအား စည်းကမ်းတင်းကြပ်စွာ အရေးယူရန်နှင့် နိုင်ငံသားများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိစေလိုပါက ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ရှာဖွေရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်က **“ရန်ကုန်မြို့၊ ကန်တော်မင်ပန်းခြံ(ခေါ်) ကန်တော်မင်္ဂလာပန်းခြံအား ဦးဥတ္တမပန်းခြံဟု ပြောင်းလဲ သတ်မှတ်ပေးစေလိုကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။